# ထားဝယ်ရိုးရာတေးကဗျာလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

ဦးအောင်ဇော်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ထားဝယ်ရိုးရာတေးကဗျာလေ့လာချက် ကျမ်းဖြစ်ပါသည်။ ထားဝယ်ရိုးရာတေးများကို လေ့လာနိုင်ရန် အစဉ်အဆက်နှုတ်ဆင့်ကမ်းခဲ့သည့် ထားဝယ်တေးများကို နားကြားမှတ်သားပါသည်။ စာဖြင့်မှတ်တမ်းတင်ခဲ့သည့် ထားဝယ်တေးများကို စုဆောင်းပါသည်။ စုစုပေါင်း (၁၀၆) ပုဒ် ရရှိပါသည်။

ဤကျမ်းကို **အခန်း(၅)** ခန်းခွဲ၍ တင်ပြထားပါသည်။ အခန်း (၁) တွင် ထားဝယ်ဝေါဟာရ၊ ထားဝယ်လူမျိုး၊ ရိုးရာတေးဝေါဟာရများကို ဖွင့်ဆိုတင်ပြထားပါသည်။ အခန်း(၂) တွင် ဒိန်းဝေါဟာရ၊ ဒိန်းသဘောသဘာဝ၊ ဒိန်းပွဲကျင်းပပုံ၊ ဒိန်းသီချင်းသီဆိုပုံ နှင့် ဒိန်းပွဲသိမ်းပုံများကို လေ့လာ တင်ပြထားပါသည်။ အခန်း(၃) တွင် တေးပြုစာဆို ဦးဒိုက် နှင့် ရွှေဝယ်ဓ တို့၏ ဘဝနှင့်စာပေကို ဖော်ပြပါသည်။ အခန်း(၄) တွင် ထားဝယ်ရိုးရာတေးများကို အကြောင်းအရာအလိုက် (၁) ရိုးရာယဉ်ကျေးမှုတေး၊ (၂) ကိုးကွယ်ယုံကြည်မှုတေး၊ (၃) ချစ်ကြိုက်လွမ်းဆွတ်မှုတေး၊ (၄) စားဝတ်နေမှုတေး၊ (၅) ဒေသခင်တွယ်မှုတေး၊ (၆) ရင်သွေးပျိုးထောင်မှုတေး၊ (၇) ခေတ်သွင်ပြင်ထင်ဟပ်မှုတေး ဟူ၍ ခုနစ်စုပြုကာ တင်ပြထားပါသည်။

တေးတစ်ပုဒ်ချင်းကို တေးမူရင်း၊ ခက်ဆစ်၊ မြန်မာပြန် နှင့် ဖွင့်ဆိုရှင်းလင်းချက် ဟူသည့် အစီအစဉ်အတိုင်း ရေးပါသည်။ လိုအပ်သည့် နေရာများတွင် ဆီလျော်ရာ တိုင်းရင်းသားတေးများနှင့် နှိုင်းယှဉ်လေ့လာ တင်ပြပါသည်။ တေးတစ်စုပြီးတိုင်း သုံးသပ်ချက်ပေးသကဲ့သို့ တေးအားလုံးအတွက်လည်း ခြုံငုံသုံးသပ်ပြီး မြန်မာစာပေယဉ်ကျေးမှုအတွက် အရေးပါပုံကို ဖော်ညွှန်းထားပါသည်။ နောက်ဆက်တွဲတွင် ထားဝယ်ဒေသိယစကား၏ သဘောကိုသိရှိနိုင်ရန် စံဘာသာစကားနှင့် နှိုင်းယှဉ်ချက်ဇယားကို တင်ပြထားပါသည်။

ထားဝယ်ရိုးရာတေးလေ့လာချက်ကျမ်းဖြင့် တိမ်ကောလုမတတ်ဖြစ်နေသော ထားဝယ်ရိုးရာတေးများကို ဖော်ထုတ်ဖွင့်ဆိုမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ရိုးရာတေးသည် ရိုးရာယဉ်ကျေးမှုကို ဖော်ပြနေပါသည်။ အမျိုးသားရေးလက္ခဏာကို ဖော်ညွှန်းနေပါသည်။ ထို့ကြောင့် ဤကျမ်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအတွက်လည်းကောင်း အကျိုးပြုနိုင်မည်ဖြစ်ပါသည်။